Burmese

လေးစားရပါသောစပုတ်ခိန်းပြည်သူပိုင်ကျောင်းမှကျောင်းဆရာ၊ဆရာမများနှင့်မိဘများ၊

ယခုလက်ရှိဖြစ်ပေါ်နေသောအလွန်စိုးရိမ်ဖွယ်ကိုရိုနာဗိုင်းရပ်(COVID-19)သည်ကမ္ဘာတဝန်းရှိနိုင်ငံသားများအပေါ်သို့သက်ရောက်နေသည့်အတွက်ကျွန်ုပ်တို့ပြည်သူပိုင်ကျောင်းမှ၎င်းအားအသိမှတ်ပြုလျက်အလွန်စိုးရိမ်ကြီးစွာဖြင့်ကျွန်ုပ်တို့၏ကျောင်းသားများ၊ဆရာ၊ဆရာမများ၊မိဘပြည်သူများနှင့်ပြည်သူလူထု၏ကျန်းမာရေးနှင့်လုံခြုံမှုအတွက်ကိုတာဝန်ရှိပါသည်။ယနေ့ညနေပြည်နယ်အုပ်ချုပ်ရေးမှူး**Inslee**၏အရေးပေါ်ကြေညာချက်အရစပုတ်ခိန်းပြည်သူပိုင်ကျောင်းများအားလုံးကိုမတ်လ၁၇ရက်၊အင်္ဂါနေ့မှအနည်းဆုံးဧပြီလ၂၄ရက်၊သောကြာနေ့အထိပိတ်ထားခြင်းဖြင့်(COVID-19)ရောဂါပြန့်ပွားမှုလျော့ကျစေရန်အတွက်ဖြစ်ပါသည်။ဤအရာများတွင်ကျောင်းသင်ကြားမှုများအားလုံးအားကစားလှုပ်ရှားမှုများအားလုံးပါဝင်ပါသည်။ဤကြေညာချက်သည်ဝါရှင်တန်စတိတ်ရှိပြည်သူပိုင်နှင့်ကိုယ်ပိုင်ကျောင်းများလုံးပါဝင်ပါသည်။ယခုကဲ့သို့ပိတ်ဆို့မှုများပြုလုပ်ခြင်းဖြင့်ကျွန်ုပ်တို့လူမှုအသိုင်းအဝန်း၊ကျောင်းသားများ၊မိဘများနှင့်ဆရာ၊ဆရာမများအတွက်အခက်အခဲမှုများရှိလိမ့်မည်ဖြစ်ပါသည်။ဤမျှော်လင့်ထားခြင်းမရှိသောအခြေအနေများအတွက်ကျွန်ုပ်တို့ဘက်မှနေ၍ကျောင်းသားများနှင့်မိဘများအတွက်ကူညီမစမှုများကိုပိတ်ဆို့မှုအချိန်အတွင်းအဓိကအာရုံစိုက်၍ပြုလုပ်သွားမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့မှကျောင်းသားများအတွက်လိုအပ်သောသင်ထောက်ကူပစ္စည်းများနှင့်မှီငြမ်းစရာအချက်အလက်များကိုအိမ်တွင်သင်ယူနိုင်ရန်အတွက်ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ဤအရာများတွင်ကွန်ပျူတာကဲ့သို့စက်ကရိယာများနှင့်တခြားသင်ထောက်ကူပစ္စည်းများကိုဆရာမများမှကျောင်းသားများအားအိမ်တွင်ပြုလုပ်ရန်အတွက်ပေးပို့မည်ဖြစ်ပါသည်။ဤလှုပ်ရှားမှုများသည်ကျောင်းသားများအား၎င်းတို့၏သင်ယူမှုများကိုဆရာ၊ဆရာမများသင်ကြားမှုမပြုလုပ်နိုင်သောအချိန်တွင်အဆက်မပြတ်စေရန်ဖြစ်ပါသည်။ဤအချက်အလက်သည်ယာယီဖြစ်ပြီးကျောင်းသားများအားကူညီထောက်ပံ့မှုအကြောင်းအရာများကိုလိုအပ်သလိုပြင်ဆင်ပြုလုပ်မည်ဖြစ်ပါသည်။

စပုတ်ခိန်းပြည်သူပိုင်ကျောင်းမှနေ၍ခလေးထိန်းကျောင်းအစီစဉ်အားဆေးရုံဆေးခန်းများတွင်အလုပ်လုပ်သောမိဘများ၊အရေးပေါ်လိုအပ်သောမိဘများ၊အားနည်းချက်ရှိသောမိသားစုများအတွက်ထောက်ပံ့မှုများပေးရန်ကြိုတင်ပြင်ဆင်ထားပါသည်။ကျောင်းအစားသောက်များဝေငှခြင်းကိုလည်းစပုတ်ခိန်းပြည်သူပိုင်ကျောင်းသားများအားလုံးအတွက်ပြုလုပ်ပေးရန်အတွက်ရှိပါသည်။ကျောင်းသားများ၏သင်ယူမှုအခွင့်အလမ်းများ၊ကျောင်းခလေးထိန်းအစီစဉ်များ၊ကျောင်းအစားအသောက်များနှင့်ပတ်သက်သောအသေးစိတ်အချက်အလက်များကိုကျောင်းခရိုင်ဝက်ဆိုက်တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ကူညီဖေးမခြင်းများအားဖြင့်စပုတ်ခိန်းလူမှုအသိုင်းဝိုင်း၏လှပသောစိတ်နှလုံးကိုထင်ပေါ်စေမည်ဖြစ်ပါသည်။ဤအချိန်အခါသမယတွင်အခြင်းခြင်းဆက်သွယ်မှုများရှိလျက်အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လှပသောအနာဂတ်နေ့များကိုတွေ့မြင်ရမည်ဖြစ်ပါသည်။

Shelley Redinger
Superintendent
3/13/2020